JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

ဒီဇင်ဘာလ ၅၊ ၂၀၂၃ | မြန်မာ

# မြန်မာစစ်အုပ်စု အိမ်ရှင်အဖြစ် ကျင်းပမည့် ညီလာခံကို ဖျက်သိမ်းရန် GMS နိုင်ငံတွေကို JFM တောင်းဆို ADB က ညီလာခံတက်ရောက်ရန်နှင့် ပံ့ပိုးကူညီရန် ငြင်းဆို

တရားမဝင်မြန်မာစစ်အုပ်စုသည် (၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (GMS) အစီအစဉ် ဝန်ကြီးများညီလာခံကို ဒီဇင်ဘာ လ ၁၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပရန် စီစဉ်ထားကြောင်း Justice For Myanmar ၏ သတင်းရင်းမြစ်များ အရ သိရသည်။

GMS အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်သည့် အာရှဖွံ့ဖြိုးရေးဘဏ်က ၎င်းတို့အနေဖြင့် အဆိုပါဝန်ကြီးများညီလာခံသို့ တက်ရောက်မည် မဟုတ်ကြောင်းနှင့် မည်သည့်ပံ့ပိုးကူညီမှုမှလည်း ပေးအပ်မည်မဟုတ်ကြောင်း Justice For Myanmar သို့ ပြောကြားခဲ့ရာ ကြိုဆိုရမည့် အရွေ့တစ်ခု ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ပြောရေးဆိုခွင့်ရှိသူက Justice For Myanmar သို့ အီးမေလ်းဖြင့် အကြောင်းပြန်ကြားရာတွင် "အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် (၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲဝန်ကြီးများညီလာခံသို့ တက်ရောက်မည် မဟုတ်ပါ။ ထို့အပြင် အဆိုပါအခမ်းအနားအတွက် ဘဏ္ဍာရေးအကူအညီသော်လည်းကောင်း၊ စီစဉ်ကျင်းပရေး သို့မဟုတ် အကြံပေးပံ့ပိုးမှုသော်လည်းကောင်း အေဒီဘီက ပေးအပ်မည်မဟုတ်ပါ။ အေဒီဘီဘဏ်အနေဖြင့် ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်သူများအတွက် ကုန်ကျစရိတ်များကိုလည်း ပံ့ပိုးပေးမည်မဟုတ်ပါ" ဟု ပြောကြားခဲ့သည်။

GMS နိုင်ငံများအနေဖြင့် အဆိုပါညီလာခံအား ဖျက်သိမ်းရန်နှင့် စစ်အုပ်စုအား GMS အစီအစဉ်မှ ပိတ်ပင်ရန် Justice For Myanmar က တောင်းဆိုသည်။ အေဒီဘီဘဏ်အနေဖြင့် GMS အစီအစဉ်သည် စစ်အုပ်စုနှင့် ဆက်လက်ပတ်သက်နေပါက ၎င်းတို့၏ ပံ့ပိုးကူညီမှုများကို ပြန်လည်စဉ်းစားသင့်သည်။

မြန်မာစစ်အုပ်စုအနေဖြင့် နိုင်ငံကိုထိုင်းချုပ်နိုင်မှု ဆက်တိုက်ကျဆင်းနေပြီး နယ်မြေစိုးမိုးမှု အလျင်အမြန်ဆုံးရှုံးနေချိန်တွင် အဆိုပါညီလာခံကို ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။ တပြိုင်တည်းတွင် စစ်အုပ်စုမှ မြန်မာပြည်သူများအပေါ် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲလျက် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ ပြည်သူများ အပေါ် ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်၊ ဖုံးကွယ်မှုများ၊ ဥပဒေမဲ့ ဖမ်းဆီးမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် လူအများအပြားနေရပ်စွန့်ခွာစေမှုများကြောင့် လူ ပေါင်း ၂.၅ သန်းကျော်အား ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။

အဆိုပါညီလာခံကို စစ်အုပ်စု၏ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ကံဇော်က လက်ခံကျင်းပပြီး၊ ၎င်းအား အမေရိကန်ပြည်ထောင်စုနှင့် အီးယူတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။ အီးယူ က "ကံဇော်သည် စစ်အုပ်စု၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိအောင် ကြိုးပမ်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး၊ ၎င်း၏ ပါဝင်မှုဖြင့် စစ်အုပ်စုလိုအပ်သည့် ဘဏ္ဍာငွေများ ရရှိစေခဲ့သည်။ ထို့ကြောင့် ကံဇော်သည် မြန်မာ/ ဗမာနိုင်ငံအတွင်း ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေမှုတွင် တာဝန်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် လုပ်ရန်များတွင် ပါဝင်ပတ်သတ်မှုအတွက် တာဝန်ရှိ သည်။" ဟု ရေးသားခဲ့သည်။

Justice For Myanmar ၏ သတင်းရင်းမြစ်များအရ ကံဇော်သည် တရုတ်ဘဏ္ဍာရေးဝန်ကြီး Lan Fo'an, ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဖြစ်သူ Sok Chenda Sophea၊ လာအိုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Khamjane Vongphosy၊ ဗီယက်နမ်စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး Nguyen Chi Dung နှင့် ထိုင်းဘဏ္ဍာရေးဒုဝန်ကြီး Julapun Amornvivat တို့ကို ညီလာခံတက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါညီလာခံကို စစ်အုပ်စု၏ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဒုဝန်ကြီး ဦးဆောင်သည့် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များက စီစဉ်လျက်ရှိသည်။ အဆိုပါကော်မတီတွင် မြန်မာစစ်တပ်၏ စီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) မှ အဖွဲ့ဝင်တစ်ဦးသည် ပုဂ္ဂလိကကဏ္ဍမှ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါဝင်ကြောင်း Justice For Myanmar ၏ သတင်းရင်းမြစ်များအရ သိရသည်။ MEC ကို အမေရိကန်ပြည်ထောင်စု၊ ယူကေ၊ အီးယူ၊ ကနေဒါနှင့် သြစတြေးလျနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။

စစ်အုပ်စု ထိန်းချုပ်ထားသည့် မြန်မာ့ရဲတပ်ဖွဲ့မှ အဆိုပါညီလာခံကို လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒုတိယရဲချုပ်က ကြီးကြပ်ကွပ်ကဲမည်ဖြစ်သည်။ စစ်အုပ်စု၏ ရဲတပ်ဖွဲ့သည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်နိုင်သော သတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ဥပဒေမဲ့ဖမ်းဆီးမှုများအတွက် တိုက်ရိုက်တာဝန်ရှိသည်။ စစ်အုပ်စုသည် သတင်းသမားများကို ထိန်းချုပ်ရေးအတွက် သတင်းထုတ်ပြန်ရေးစီမံမှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပြီး၊ ညီလာခံမှတဆင့် ဝါဒဖြန့်ချိရေးကို အမြင့်ဆုံးလုပ်ဆောင်ရန် ပြင်ဆင် လျက်ရှိသည်။

အဆိုပါညီလာခံကို စစ်အုပ်စုဆက်နွယ်ခရိုနီစီးပွားရေးလုပ်ငန်းစု International Group of Entrepreneur (IGE) ၏ အစိတ်အပိုင်းဖြစ်သည့် Grand Amara Hotel တွင် ကျင်းပသွားမည်ဖြစ်သည်။ IGE ကုမ္ပဏီအုပ်စုကို စစ်အုပ်စုရေတပ်အကြီးအကဲ၏ အစ်ကိုဖြစ်သူ နေအောင်က ပိုင်ဆိုင်သည်။ စစ်အုပ်စုသည် တက်ရောက်သူများ၏ တည်းခိုနေထိုင်မှု၊ ရန်ကုန်နှင့် နေပြည်တော်အကြား လေယာဉ်စာရိတ်များကို ကျခံမည်ဖြစ်ပြီး၊ အခမ်းအနားနေ့လည်စာဖြင့် ကြိုဆို တည်းခင်းဧည့်ခံမည် ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၇) ကြိမ်မြောက် GMS ခေါင်းဆောင်များထိပ်သီးအစည်းအဝေးတွင် မင်းအောင်လှိုင်တက်ရောက်ခဲ့ပြီးနောက်ပိုင်း ယခုညီလာခံကို ကျင်းပမည်ဖြစ်သည်။ အေဒီဘီက ၎င်းတို့အနေဖြင့် ကမ္ဘောဒီယားနိုင်ငံအား အွန်လိုင်းမှတဆင့် ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးအတွက် မှတ်တမ်း ပြုစုရေးအတွက် ပြင်ဆင်ရာတွင် အကြံညာဏ်အကူအညီများ ပံ့ပိုးပေးခဲ့ကြောင်း Justice For Myanmar သို့ ပြောကြားခဲ့သည်။

ယင်းအစီအစဉ်၏ အဆင့်မြင့်ဆုံးအစုအဖွဲ့ဖြစ်သည့် ခေါင်းဆောင်များထိပ်သီးအစည်းအဝေး အကြောင်းကို စစ်အုပ်စု၏ ဝါဒဖြန့်ချိရေးများတွင် အထူးတလည် ဖော်ပြခဲ့ကြသည်။ ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် မင်းအောင်လှိုင် သည် ၎င်း၏ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုကို ကာကွယ်ပြောဆိုသွားပြီး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာ ဖြစ်ခဲ့ကြောင်း၊ အာဏာသိမ်းမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ကြောင်း လိမ်လည်ပြောဆိုခဲ့သည်။

၂၀၂၁ ခုနှစ် ခေါင်းဆောင်များထိပ်သီးအစည်းအဝေးတွင် မင်းအောင်လှိုင်က အကြမ်းဖက်စစ်ဆင်ရေးအတွက် ဘဏ္ဍာငွေ လိုအပ်နေသည့် စစ်အုပ်စုအတွက် အခွန်ဝင်ငွေများ ရရှိနိုင်မည့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ် ငန်း မြှင့်တင်ရန် ရည်ရွယ်သည့် GMS မဟာဗျူဟာမူဘောင် ၂၀၃၀ ကို တရားမဝင် ထောက်ခံခဲ့သည်။

၂၀၂၂ ခုနှစ်တွင် (၂၅) ကြိမ်မြောက် GMS ဝန်ကြီးများညီလာခံကို လာအိုနိုင်ငံက လက်ခံကျင်းပခဲ့ပြီး၊ အဆိုပါညီလာခံမှ စစ်အုပ်စုကို မှားယွင်းစွာ တက်ရောက်ခွင့်ပြုခဲ့သည်။ ညီလာခံတွင် စစ်အုပ်စုက GMS ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် (၂၀၂၃-၂၀၂၅) ကို တရားမဝင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ယင်းမူဘောင်တွင် စစ်အုပ်စုက စွမ်းအင်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးကဏ္ဍတို့တွင် လုပ်ဆောင်မည့် စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၂၀၈.၃ သန်း ကို အဆိုပြုထားပြီး၊ အများစုကို အမည်ဖော်ပြမထားသည့် "ဖွံ့ဖြိုးရေးမိတ်ဖက်" များက ပေးအပ်မည် ဖြစ်သည်။

GMS အစီအစဉ်ကို ယခင်မြန်မာ့စစ်အာဏာရှင်လက်ထက် ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများတွင် အပါအဝင် ကုန်သွယ်မှုမြှင့်တင်ရေး၊ စီးပွားရေးစင်္ကြံများနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို အဓိကထား လုပ်ဆောင်ခဲ့သည်။

GMS တွင် မြန်မာစစ်အုပ်စုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းအဖြစ် စစ်အုပ်စုနှင့် ဆက်နွယ်သည့် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် GMS နိုင်ငံများ၏ ကုန်သည်ကြီးများအသင်းများဖြင့် ဖွဲ့စည်းထားသည့် GMS စီးပွားရေးကောင်စီကို ဦးဆောင်လျက်ရှိသည်။ GMS စီးပွားရေးကောင်စီကို လက်ရှိတွင် UMFCCI ဥက္ကဋ္ဌဟောင်းနှင့် မြန်မာ့စက်မှုလုပ်ငန်းမဟာမိတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ

ဇော်မင်းဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ မြန်မာစက်မှုလုပ်ငန်းများမဟာမိတ်အဖွဲ့သည် စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီး MEC နှင့်အတူ မိုဘိုင်းအော်ပရေတာ Mytel တွင် ရင်းနှီးမြှုပ်နှံထားသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "GMS အစီအစဉ်နဲ့ အဲဒီ အဖွဲ့ဝင်နိုင်ငံတွေက တရားမဝင်စစ်အုပ်စုကို ပါဝင်တက်ရောက်ဖို့ ဖိတ်ကြားရုံသာမက ဝန်ကြီးများညီလာခံကို လက်ခံကျင်းပဖို့ပါ ခန့်အပ်တာက နားမလည်နိုင်စရာပါပဲ။

"စစ်အုပ်စုက စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို အပြစ်ပေးအရေးယူခံရခြင်း အလျဉ်းမရှိဘဲ ကျူးလွန်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။ စစ်အုပ်စုရဲ့ အာဏာသိမ်းကြိုးပမ်းမှုက ကျရှုံးနေပြီး၊ GMS အစီအစဉ်နဲ့ အဖွဲ့ဝင်နိုင်ငံတွေက စစ်အုပ်စုကို တရားဝင်မှုပေးအပ်တာ၊ ရင်းနှီးမြှုပ်နှံမှုတွေက တဆင့် အခွန်ဝင်ငွေတွေရပြီး ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေကို ပိုလုပ်နိုင်အောင် အကူညီပေးတာတွေက ဆိုးရွားတဲ့ ကျင့်ဝတ်ဆိုင်ရာနဲ့ မဟာဗျူဟာအမှားကို ကျူးလွန်နေတာ ဖြစ်ပါတယ်။

"GMS အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ စီစဉ်ထားတဲ့ ညီလာခံကို ချက်ချင်းဖျက်သိမ်းသင့်ပါတယ်။ ဒီလိုဖျက်သိမ်းဖို့ မလုပ်နိုင်ဘူးဆိုရင် အဲဒီညီလာခံသို့ တက်ရောက်ရန် ငြင်းဆိုသင့်ပါတယ်။ စစ်အုပ်စုကို GMS အစီအစဉ်ကနေ ပိတ်ပင်ရမည် ဖြစ်ပြီး၊ အဲ့ဒီအစား မြန်မာနိုင်ငံရဲ့ တရားဝင်အစိုးရဖြစ်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရကို အသိအမှတ်ပြု၊ ပံ့ပိုး ကူညီသင့်ပါတယ်။

"ADB က ဝန်ကြီးများညီလာခံအတွက် ပံ့ပိုးကူညီမှုတွေ ရုတ်သိမ်းပြီး၊ တက်ရောက်ဖို့ ငြင်းဆိုလိုက်တဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုပါတယ်။ ADB အနေနဲ့ GMS အဖွဲ့ဝင်နိုင်ငံတွေက တရားမဝင်စစ်အုပ်စုကို တရားဝင်မှု ဆက်လက် ပေးအပ်နေသ၍ GMS အစီအစဉ်အတွက် အဖွဲ့အစည်းဆိုင်ရာပံ့ပိုးမှုတွေကိုလည်း ပြန်လည်စဉ်းစားသင့်ပါတယ်။

"GMS စီးပွားရေးကောင်စီမှာ UMFCCI နဲ့ စစ်အုပ်စုဆက်နွယ် ခရိုနီ ဇော်မင်းဝင်းတို့ ပါဝင်ပတ်သတ်မှုက စိုးရိမ်စရာဖြစ်ပြီး၊ စစ်အုပ်စုနဲ့ ခရိုနီတွေက သူတို့အခြေခိုင်လာအောင် GMS အစီအစဉ်ကို အသုံးချပြီး ရင်းနှီးမြှုပ်နှံမှုမြင့်တင်ဖို့ ကြိုးစားနေတဲ့ နောက်ထပ် လက္ခဏာဖြစ်သလို၊ တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ မြန်မာအကြပ်အတည်းကိုလည်း ပိုမိုဆိုးရွားစေ မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

**Justice For Myanmar** သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲ သော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။

**Justice For Myanmar** | media@justiceformyanmar.org

https://www.justiceformyanmar.org/|Mirror: https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/